

**မြန်မာအမည်** ကရကတ်

**အခြားအမည်** ကလကတ်

**အင်္ဂလိပ်အမည်** *Cotton teal* 38 cm

*Cotton pygmy-goose*

*White-quilled pygmy-goose*

**သိပ္ပံအမည်** ***Nettapus coromandelianus*** **Gmelin, 1789**

**မျိုးရင်း** **Anatidae**

**သိပ္ပံအမည်လက်တင်အဓိပ္ပာယ်**



*Anatidae* မျိုးရင်းမှာတွင် ဘဲအမျိုးမျိုး၊ ဟင်္သာ၊ ငန်းစသော ရေကူး၊ ရေဖော၊ ရေငုပ်ပြီး သစ်ပင်တွင်လည်းနားတတ်သည့်ဘဲမျိုးရင်းဝင်ဘဲများဖြစ်၏။ မျိုးစု (၄၃)မျိုးနှင့် မျိုးစိတ်(၁၄၆) မျိုးပါဝင်သည်။ မျိုးစု(၄၃)မျိုးထဲမှ *Nettapus* မျိုးစုတွင် *coromandelianus* မျိုးစိတ်အပါအဝင် မျိုးစိတ်(၃)မျိုးရှိသည်။ ထို *coromandelianus* မျိုးစိတ်တစ်ခုသာမြန်မာမျိုးဖြစ်၍၊ ကျန်သည့်မျိုးစိတ်တို့မှာ သြစတေးလျနှင့် အာဖရိကမျိုးများဖြစ်သည်။ *Netta* မှာ ဘဲဟုဆိုလိုသော ဂရိစကား *nessa* မှလက်တင် *netta* ဖြစ်လာသည်။ *–pus* ဆိုသည်က *pous* ဖြစ်ပြီး၊ခြေထောက်ကိုပြဆိုသည်။ ဘဲခြေထောက်ရှိငှက်ဟုဆိုလိုမည်။

*coromandelianus* ဆိုသည့်စကားက အိန္ဒိယပြည်အရှေ့တောင်ဘက်ကိုရိုမင်ဒဲ ကမ်းရိုးတန်းကိုဆိုလိုသည်။ ထိုကမ်းရိုးတန်းတွင်စတင်တွေ့ရသည်ဆို၏။ (နှုတ်သီးနှင့် ကိုယ်ကဘဲငန်းနှင့်တူပြီး) ဘဲခြေရှိငှက်ငယ်ဖြစ်သည်။



**ယခင် သိပ္ပံအမည်** *Anas coromandeliana*

*Sarcelle de coromandel*

*Anas* က ဘဲဟုဆိုလိုသည့်လက်တင်စကားဖြစ်၍ *Sarcelle* ကလည်း ဘဲဟုဆိုလိုသည့်ပြင်သစ်စကားဖြစ်သည်။ (၂) လုံးတွဲသိပ္ပံအမည်မပေါ်ခင်ကပေးခဲ့သော ရှေးပြင်သစ်အမည်ဖြစ်သည်။ *Anas* ဆိုသော ရှေးအမည်ကို ဂျာမန် သဘာဝသိပ္ပံပညာရှင် *Johann Gmelin* ကိုယ်တိုင် ၁၇၈၉ က ဖော်ပြခဲ့သောအမည်ဖြစ်သည်။ *Sarcelle* ဆိုသည်က ပြင်သစ်ပညာရှင် *George Louis de Buffon* က ပေးခဲ့သောအမည်ဖြစ်၏။ ယခုတော့ ရေကူးရေဖောရေငုပ်ရုံမက အပင်တွင်နားတတ်သော ဘဲမျိုးအုပ်စုဝင်ဖြစ်သွားပြီး *Anas* နှင့် *Sarcelle* တို့မှာ အမည်ဟောင်းများသာ ဖြစ်တော့၏။

**သိမှတ်စရာ**

ခြေဖျားမှနှုတ်သီးထိ (၃၈) စင်တီမီတာခန့်သာရှိပြီး အသေးဆုံးသော ဌာနေဘဲကလေးတစ်မျိုးဖြစ်သည်။ နေရာမရွှေ့ပြောင်းတတ်။ အထီးက အတောင်တွင်